# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ရေဆင်း၊ နေပြည်တော်
# ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းသူများ လိုက်နာရန်စည်းကမ်းချက်များ

၁။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများ၊ Architectural Drawing များကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ငွေစာရင်းဌာနတွင် မှတ်ပုံတင်၍ ဝယ်ယူနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းသည့် ကုမ္ပဏီများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် မြန်မာနိုင်ငံ၏ဥပဒေအရဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်တစ်ရပ်ရပ်၏ ဥပဒေအရဖြစ်စေ တရားဝင်ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည့်အပြင်၊ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်အခများ အပြေအကြေထမ်းဆောင်ပြီး ဖြစ်ရမည်။

၃။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နာမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်း ခံထားရသည့် ကုမ္ပဏီ **သို့မဟုတ်** သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်မှုကြောင့် အရေးယူခံထားရသည့် ကုမ္ပဏီ **သို့မဟုတ်** သက်ဆိုင်ရာဌာနများနှင့် ချုပ်ဆိုထားသော စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်မှုကြောင့် နာမည်ပျက်စာရင်း (Black List) သတ်မှတ်ခံထားရသည့် ကုမ္ပဏီ မဖြစ်စေရ။ အထူးသဖြင့် တည်ဆောက်ရေးဆိုင်ရာ တင်ဒါများနှင့် စပ်လျဉ်း၍ နာမည်ပျက်စာရင်း ကြေညာခံထားရသည့် ကုမ္ပဏီ၏ အမည်စာရင်းတွင် ပါဝင်သည့် ဒါရိုက်တာများ၊ တာဝန်ခံအင်ဂျင်နီယာ အမည်များ ပါဝင်သည့် ကုမ္ပဏီ မဖြစ်စေရ။

၅။ တင်ဒါစာချုပ်ချုပ်ဆိုရန် ဥပဒေကြောင်းအရ သတ်မှတ်အရည်အချင်း ပြည့်မီသည့် ကုမ္ပဏီဖြစ်ပြီး တင်ဒါအဆိုပြုလွှာတွင် လက်မှတ်ရေးထိုးတင်သွင်းသူသည် ကုမ္ပဏီကိုယ်စား လက်မှတ်ရေးထိုးပိုင်ခွင့်၊ စာချုပ်ချုပ်ဆို ပိုင်ခွင့်ရှိသူ ဖြစ်ရမည်။

၆။ ကုမ္ပဏီနှင့် ကုမ္ပဏီတွင်ပါဝင်သူများသည် အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ ကင်းရှင်းရမည်။

၇။ တင်ဒါယှဉ်ပြိုင်သူများသည် လုပ်ငန်းလိုအပ်ချက်အလိုက် အောက်ပါအထောက်အထားများကို တင်ဒါစာရွက်စာတမ်းတွင် ပူးတွဲတင်ပြရမည်။

(က) ကုမ္ပဏီမှတ်ပုံတင် နှင့် တာဝန်ယူလုပ်ကိုင်သည့် ဒါရိုက်တာများ၏ အမည်

စာရင်းနှင့် အရည်အချင်း၊

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော တည်ဆောက်ရေးလုပ်ငန်း ကုမ္ပဏီအသိအမှတ်ပြုလက်မှတ်၊

(ဂ) တည်ဆောက်ရေးလုပ်ငန်း စီမံခန့်ခွဲမည့်သူ(Project Manager) ၏ အမည်နှင့် အရည်အချင်း၊

(ဃ) တာဝန်ခံအင်ဂျင်နီယာအမည်နှင့်အင်ဂျင်နီယာမှတ်ပုံတင်နံပါတ်(PE,RSE, RE) တာဝန်ခံအင်ဂျင်နီယာသည် ကုမ္ပဏီဝန်ထမ်း သို့မဟုတ် လုပ်ငန်းအတွက် တာဝန်ယူဆောင်ရွက်ရန်သဘောတူချုပ်ဆိုထားသော စာချုပ်အထောက်အထား၊

(င) ပြီးခဲ့သည့်(၃) နှစ်တာ ကာလအတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းများ (Financial Statements)၊ (မြန်မာနိုင်ငံစာရင်းကောင်စီ တွင် မှတ်ပုံတင် ထားသောအများပြည်သူ့သို့စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး သို့မဟုတ် အဖွဲ့က စစ်ဆေးအတည်ပြုပြီး ဖြစ်ရမည်)

(စ) ပြီးခဲ့သည့်(၃) နှစ်တာ ကာလအတွင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် စသည့် အခွန်အခများထမ်းဆောင်ထားသည့် အထောက်အထားများနှင့် အခွန်အခ ကင်းရှင်း ကြောင်းထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာဘဏ်ကအတည်ပြု လက်မှတ်ရေးထိုးထားသည့် တင်ဒါယှဉ်ပြိုင် သော ကုမ္ပဏီ၏ ဘဏ်ရှိငွေကြေးအင်အား (Bank Statement)၊

(ဇ) တင်ဒါယှဉ်ပြိုင်သောကုမ္ပဏီမှ ပြီးခဲ့သော(၃)နှစ်တာ ကာလအတွင်း ဆောင်ရွက် ခဲ့သည့် တည်ဆောက်ရေး လုပ်ငန်း များ၏ လုပ်ငန်းတန်ဖိုး စုစုပေါင်း၊

(ဈ) ပြီးခဲ့သော (၃)နှစ်တာ ကာလအတွင်း အလားတူ တည်ဆောက်ရေး လုပ်ငန်း အတွေ့အကြုံအထောက်အထား(TrackRecord)(လုပ်ငန်းစာချုပ်၊လုပ်ငန်းပြီးစီး ကြောင်း ထောက်ခံချက် (Completion Certificate) ၊ မှတ်တမ်းဓာတ်ပုံ )၊

(ည) လုပ်ငန်းနှင့်သက်ဆိုင်သော စက်ယာဉ်ယန္တရားများ အသုံးပြုနိုင်မှု အခြေအနေ၊

(ဋ) တင်ဒါယှဉ်ပြိုင် မည့် လုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်း အစီအစဉ် (Working Program) ဆောင်ရွက်မည့် နည်းလမ်း (Method of Statement)၊ ပြုပြင် ထိန်းသိမ်းမည့် အစီအစဉ်(Maintenance Plan)နှင့်ပမာဏကြီးမား သော လုပ်ငန်းဖြစ်ပါက ငွေကြေး စီမံချက် (Financial Plan)၊ ပစ္စည်းစီမံချက် (Material Plan)၊

(ဌ) ကုမ္ပဏီအနေဖြင့် ရရှိထားသော ISO အသိမှတ်ပြု လက်မှတ်၊ Health, Safety And Environment (HSE) နှင့် စပ်လျဉ်း၍ အသိမှတ်ပြုလက်မှတ် (ရှိလျှင်တင်ပြရန်)၊

၈။ တင်ဒါအဆိုပြုလွှာများကို "ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" ဟု လိပ်မူ၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)ရုံးခန်း သို့ မိမိ အဆိုပြုတင်သွင်းလိုသည့် တင်ဒါအမှတ်ကိုဖော်ပြလျက် တင်ဒါအဆိုပြုလွှာထည့်ရန် သေတ္တာထဲသို့ ၂၀၂၂ ခုနှစ် ဧပြီလ (၂၈ )ရက် (၁၆:၀၀) နာရီ တွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ (သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းသည့် အဆိုပြုလွှာများကို လက်ခံမည် မဟုတ်ပါ)

၉။ အဆိုပြုလွှာများအား သတ်မှတ်ရက်အရောက် တင်သွင်းရာတွင် ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာများကို သီးခြားစာအိတ်ဖြင့်ထည့်ပြီး စာအိတ်ပေါ်၌ "ဈေးနှုန်း အဆိုပြုလွှာ" ဟု ရေးသား၍ ထည့်သွင်းရန်၊ အင်ဂျင်နီယာပိုင်းဆိုင်ရာတွက်ချက်မှုများနှင့် ကျန်ရှိသော အခြားအထောက်အထားများကို သီးခြားစာအိတ် တစ်အိတ်တွင်ထည့်ပြီး စာအိတ်ပေါ်တွင် "နည်းပညာအဆိုပြုလွှာ" ဟု ရေးသား၍ အိတ်ပိတ်ကာ လုပ်ငန်းအမျိုးအစား ကုမ္ပဏီအမည်၊ တံဆိပ် Logo များကို ထင်ရှားစွာ ဖော်ပြ၍ တင်ဒါလက်ခံပုံး တွင် **တစ်ပြိုင်တည်း** တင်သွင်းရမည်။

၁၀။ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope) များကို ဖွင့်ဖောက်၍ လိုအပ်သောအရည်အသွေးနှင့် စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိ ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသည့် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ စိစစ်ရွေးချယ်မည်။ အရည်အသွေးပြည့်မီပြီး နည်းပညာကျွမ်းကျင်မှုဆိုင်ရာ(Technical) အောင်မှတ်ရရှိထားသည့် ကုမ္ပဏီများ ၏ ဘဏ္ဍာရေးဆိုင်ရာဈေးနှုန်း အဆိုပြုလွှာစာအိတ် (Financial proposal envelope) ကိုသာ ဖွင့်ဖောက်မည် ဖြစ်သည်။

၁၁။ တင်ဒါဖွင့်ပွဲသို့ တက်ရောက်ခြင်းမရှိသော ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာဈေးနှုန်း အဆိုပြုလွှာစာအိတ်(Financial proposal envelope) နှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ စာအိတ် (Technical proposal envelope) များကို ဖွင့်ဖောက်မည် မဟုတ်ပါ။

၁၂။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်း(၁)ခုစီ အတွက် တင်ဒါအာမခံကြေး (Tender Security)(လုပ်ငန်းတန်ဖိုး၏(၁%)၂,၄၅၀,၀၀၀/(နှစ်သန်းလေးသိန်းငါးသောင်းကျပ်တိတိ)) ကိုတင်ဒါမတင်သွင်းမီငွေစာရင်း ဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ချိတ်ဆက်၍ မြန်မာ့စီးပွား ရေး ဘဏ်၊ (သို့မဟုတ်) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ် ပြုထားသည့် ဘဏ်တခုခု တွင် PO cheque ဖြင့် ကြိုတင်ပေးသွင်းရမည်။

၁၃။ အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများ၏ တင်ဒါအာမခံကြေး ကို ရုံးဖွင့် အလုပ်လုပ်ရက် (၇)ရက်အတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ငွေစာရင်းဌာနမှ ပြန်လည်ထုတ်ပေးမည်။

၁၄။ အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏လုပ်ငန်းအာမခံကြေး (Performance Guarantee) အနေဖြင့် တင်ဒါအောင်မြင်သည့် တန်ဖိုး(၅%)ကို တင်ဒါအောင်မြင်ကြောင်း အကြောင်းကြားသည့်ရက်မှ စ၍ (၁၄) ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တခုခု တွင် ဘဏ်အာမခံပြုလုပ်၍ ပေးသွင်းရမည်၊ အထောက်အထားမူရင်းကို ငွေစာရင်းဌာန မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ် သို့ တစ်ပတ်အတွင်း ပေးအပ်ရမည်ဖြစ်ပြီး အဆိုပါ Performance Guarantee ကို တည်ဆောက်ရေးလုပ်ငန်းများ (Completion Certificate) ရရှိပြီး (၁) နှစ်ကြာမှသာ ပြန်လည်ထုတ်ပေးမည်။

၁၅။ အိတ်ဖွင့်တင်ဒါ အောင်မြင်သူ၏ တင်ဒါအာမခံကြေး ကို ပေးသွင်းပြီး (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်။

၁၆။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း

(က) အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါတွက်ချက်မှုကို အိတ်ဖွင့်တင်ဒါတင်သွင်းသူမှ လုံးဝတာဝန်ယူရမည်။ မှားယွင်းတွက်ချက်မှု၊ မှားယွင်းဖြည့်စွက်မှု၊ အချက်အလက်မှားယွင်းမှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာ တာဝန်ရှိသည်။

(ခ) အသုံးပြုသည့်ပစ္စည်းများသည် နိုင်ငံတွင်းမှဖြစ်ပါက ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၏ ဒေသန္တရဈေးနှုန်းအတိုင်း တွက်ချက်တင်ပြရန်ဖြစ် သည်။ စာရင်းစစ်ချုပ်ရုံးက စစ်ဆေးမည့် ဒေသန္တရဈေးနှုန်းဖြင့် စိစစ်ခြင်းခံရမည်။

(ဂ) ပစ္စည်းတန်ဖိုး၊ လုပ်အားခနှင့် မမျှော်မှန်းနိုင်သော အသုံးစရိတ်များကို အသေးစိတ် တွက်ချက်ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ခ ရာခိုင်နှုန်းမည်မျှဖြင့် ဆောင်ရွက်နိုင်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) တင်ဒါအောင်မြင်သည့်အခါ လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုပြီး စာချုပ်အရ ငွေပေးချေ လက်ခံရရှိသည့်အချိန်တွင် လက်ခံရရှိငွေ၏ Withholding Tax (၂%) နှင့် ကုန်သွယ် ခွန် (၅%) ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ပြီးဖြစ်ရမည်။

(င) ဆောက်လုပ်လိုသည့် အဆောက်အဦပုံစံ/ပြုပြင်မွမ်းမံလိုသည့် အဆောက်အဦများ၏ နောက်ဆက်တွဲ(က)ပါ သတ်မှတ်ပေးထားသည့်အတိုင်းဖြစ်သည်။ (မွမ်းမံပြင်ဆင်ခြင်းများအတွက်လိုအပ်သလိုပြင်ဆင်ရမည်)

(စ) လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းအလိုက်ဖော်ပြ၍ ဆောင်ရွက်ပြီးစီးမှုအား မှတ်တမ်းဓာတ်ပုံ Soft Copy & Hard Copy ကို (၂)ပတ်လျှင် တစ်ကြိမ် (မပျက်မကွက်) တင်ပြရမည်။

၁၇။ စိစစ်ရွေးချယ်ခြင်း

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသည်-

(က) တင်ဒါအဆိုပြုလွှာများကို တင်သွင်းသူများ၏ ရှေ့မှောက်တွင် ဖွင့်လှစ်မည်။ တင်သွင်း သည့်ဈေးနှုန်းသည် အတည်ဖြစ်သည်။

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မညီညွတ်သော တင်ဒါအဆိုပြုလွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဂ) တင်ဒါတင်သွင်းသည့် ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် အမျိုးအစား၊ အရည်အသွေးနှင့် စံချိန်စံညွှန်း၊ ပြီးစီးမည့်ရက်၊ အာမခံသက်တမ်း(Warranty)၊ လုပ်ငန်းခိုင်မာမှုနှင့် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှစံရမှတ် အဖြစ် သတ်မှတ်ထားသောအမှတ်နှင့်အထက်ရရှိသူများအား နည်းပညာအဆိုပြုလွှာ အောင်မြင်သူအဖြစ်ကြေညာမည်။နည်းပညာအဆိုပြုလွှာအောင်မြင်သည့်ကုမ္ပဏီများကိုသာ ဈေးနှုန်းအဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါသည်။တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ရွေးချယ်အဆိုပြုထားသည့်ကုမ္ပဏီများကိုဦးစားပေးအစီအစဉ်အလိုက်“တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီ” စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန” သို့ တင်ပြမည်ဖြစ်သည်။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ “တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီ” မှ ရွေးချယ်မှုကို တင်ဒါအောင်မြင်သူထံသို့ အကြောင်းကြားပေးမည်။

၁၈။ စာချုပ်ချုပ်ဆိုခြင်း

တင်ဒါအောင်မြင်သူသည်-

(က) ရွေးချယ်ကြောင်း အကြောင်းကြားစာ ပေးပို့သည့်နေ့မှ (၇)ရက်အတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် လုပ်ငန်းအပ်နှံ/လက်ခံသည့် စာချုပ် ချုပ်ဆိုရမည်။

(ခ) တင်ဒါရွေးချယ်ခြင်းခံရသူ၏ လုပ်ငန်းအလိုက် ခန့်မှန်းခြေစာရင်းများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြ စိစစ်ခြင်း ခံရမည်။

(ဂ) တင်ဒါအောင်မြင်သူမှ တစ်ဆင့်ငှားရမ်းလုပ်ကိုင်ခြင်း(Sub contract) ပေးခြင်းကို ခွင့်မပြုကြောင်းနှင့် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်မည့် ဝန်ခံချက်ရှိသော ကုမ္ပဏီဖြစ်ရမည်။ (Sub contract) ပေးကြောင်း ပေါ်ပေါက်လာပါက တင်ဒါလုပ်ငန်းများကို ပယ်ဖျက်မည်။

(ဃ) **ရွေးချယ်ခံရပြီးမှ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တင်ဒါ အောင်မြင်ပြီး (၂၁) ရက်အတွင်း စာချုပ်ချုပ်ဆိုရန် ပျက်ကွက်ပါက တင်ဒါ အာမခံ ကြေး(Tender Security) ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူ မည်ဖြစ်သည်။**

(င) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က ဖွဲ့စည်းပေးထားသည့် ဆောက်လုပ်ရေး တင်ဒါဆိုင်ရာကော်မတီများ၊ QC Team များက မည်သို့ပင် စစ်ဆေးလက်ခံခဲ့စေကာမူ စာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးအတည်ပြုချက်များကို ကျေနပ်စွာလက်ခံရမည်ဖြစ်ပြီး စာရင်းစစ်အကြံပြုချက်များအား တင်ဒါ အောင်မြင်သူများမှ လိုက်နာဆောင်ရွက်ရမည်ကို ကြိုတင်သိရှိရမည်ဖြစ်သည်။

၁၉။ ငွေပေးချေခြင်း

(က) လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ အရစ်ကျ ငွေပေးချေမှုအား အောက်ပါ အစီအစဉ်အတိုင်း တင်ဒါရွေးချယ်ခြင်းခံရသူနှင့် လုပ်ငန်းညှိနှိုင်း သတ်မှတ်၍စာချုပ်တွင် ထည့်သွင်းချုပ်ဆိုမည်-

လုပ်ငန်းပြီးစီးမှု (၂၅%) လုပ်ငန်းတန်ဖိုး၏ (၂၅%) အား ပထမအကြိမ်
လုပ်ငန်းပြီးစီးမှု (၅၀%) လုပ်ငန်းတန်ဖိုး၏ (၂၅%) အား ဒုတိယအကြိမ်
လုပ်ငန်းပြီးစီးမှု (၇၅%) လုပ်ငန်းတန်ဖိုး၏ (၂၅%) အား တတိယအကြိမ်
လုပ်ငန်းပြီးစီးမှု (၁၀၀%) လုပ်ငန်းတန်ဖိုး၏ (၂၅%) အား စတုတ္ထအကြိမ်

(ခ) အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့်အပြီးသတ်လက်ခံရေးကော်မတီများမှ ဈေးနှုန်း အဆိုပြုစဉ်က ဖော်ပြထား သည့် စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီသည့်အပြင် စာချုပ်ပါ စည်းကမ်းချက် များနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး ညီညွှတ်မှုရှိမှသာ ငွေပေးချေမည်။

(ဂ) မည်သည့်လုပ်ငန်းမဆို Quality Control အားလိုအပ်သလိုဆောင်ရွက်မည်။

(ဃ) ပေးချေမည့်အစီအစဉ်အတိုင်း ကျသင့်ငွေကို ရုံးဖွင့်အလုပ်လုပ်ရက် (၇) ရက် အတွင်း ချက်လက်မှတ်ဖြင့် ပေးချေမည်။

၂၀။ လုပ်ငန်းပြီးစီးရန် နောက်ကျခြင်း၊ ပျက်ကွက်ခြင်း

နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ပါ အင်ဂျင်နီယာစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း မပြီးစီးပါက (၁) ရက်လျှင် ကျန်လုပ်ငန်းတန်ဖိုး၏ (၀.၀၁%) ကို နောက်ကျရက်နှင့် တွက်ချက်၍ ကျသင့်ငွေအား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာနသို့ ပေးသွင်းရမည်။ ပျက်ကွက်

ခြင်း ဖြစ်ပေါ်ပါက ချုပ်ဆိုထားသည့်စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းချက်များနှင့် အညီ အရေး ယူမည်။

၂၁။ အဆောက်အဦအာမခံသက်တမ်းသတ်မှတ်ခြင်း

သဘာဝဘေးအန္တရာယ်မှအပ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရလည်းကောင်း၊ စံချိန်စံညွှန်းမပြည့်ဝမှုကြောင့်လည်းကောင်း ပျက်စီးမှု ဖြစ်ပေါ်ပါက လုပ်ငန်းလက်ခံပြီး (၂) နှစ်အတွင်း ဖြစ်ပေါ်သည့် ပျက်စီးမှုများကို တင်ဒါ အောင်မြင်သူ၏ စရိတ်ဖြင့် တာဝန်ယူပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးရမည်။ ပြင်ဆင်ရန် ပျက်ကွက်ပါက ပြင်ဆင်ရမည့် တန်ဖိုး ပေးလျော်ရမည်။

၂၂။ လုပ်ငန်းစာချုပ်တွင် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် မကိုက်ညီကြောင်း အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီက စိစစ်တွေ့ရှိလျှင် တင်ဒါအောင်မြင်သူသည် ထိုကော်မတီက ပြင်ဆင်ရန် သတ်မှတ်သည့်အချိန်အတွင်း ပြန်လည် ပြင်ဆင်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချိန်အတွင် ပြင်ဆင်ရန် ပျက်ကွက်ပါက တစ်ရက်လျှင် စာချုပ်ပါလုပ်ငန်းတန်ဖိုး၏ (၀.၀၁%) ကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၂၃။ အထက်ဖော်ပြပါ တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဖတ်ရှု နားလည်သဘောပေါက်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင် ပါ ကြောင်း သဘောတူလက်မှတ်ရေးထိုးပါသည်။

လက်မှတ် --------------------------------

| | |
|---|---|
| တင်ဒါအဆိုပြုသူအမည် | -------------------------------- |
| ရာထူး | ------------------------------ |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ------------------------------- |
| ကုမ္ပဏီအမည် | ------------------------------- |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | --------------------------- |
| ရက်စွဲ | ------------------------------ |

တင်ဒါတင်သွင်းရာ၌ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope) တွင် အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါဝင်ရမည်-

(၁) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ဖွဲ့စည်းပုံဇယား(အင်ဂျင်နီယာများ၏ ဘွဲ့အမည်နှင့် လုပ်ငန်းအတွေ့အကြုံ)၊ စက်ယန္တရားပိုင်ဆိုင်မှု

(၂) အဆိုပြုလုပ်ငန်းအတွက် ဖွဲ့စည်းပုံ

(၃) ကုမ္ပဏီမှဆောင်ရွက်ခဲ့သည့်လုပ်ငန်းအတွေ့အကြုံနှင့်အလားတူလုပ်ငန်းမှတ်တမ်းဓာတ်ပုံများ

(၄) ကုမ္ပဏီမှဆောင်ရွက်ခဲ့သည့် ကွင်းဆင်းစစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံနှင့်သုံးသပ် တင်ပြချက်

(၅) တင်ဒါအာမခံကြေး (၁%)တင်သွင်းသည့်ချလံမိတ္တူ (၁) စောင်

(၆) Bank Statement နှင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်

(၇) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ/ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု ထားသည့် ကန်ထရိုက်မှတ်ပုံတင်လက်မှတ်

(၈) ၁၀၀% ဆောင်ရွက်ပြီးစီးပြီးနောက် အာမခံကာလအတွင်း ပျက်စီးမှုရှိပါက ပြုပြင် ထိန်းသိမ်းမှုအာမခံချက်

(၉) အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC Team) အား ငှားရမ်းမည်ဖြစ်ပြီး ကုန်ကျစရိတ် အား ကုမ္ပဏီမှကျခံပေးမည် ဖြစ်ကြောင်း ဝန်ခံချက်

(၁၀) Methods of statement and safety

(၁၁) Details of measurement and specification, Detail Design and Drawing, Builder Estimate, Bill of Quantity (တန်ဖိုး ဖော်ပြမထားရန်)

(၁၂) Construction Work Schedule & Time Schedule (လုပ်ငန်းအချိန်ဇယား)

(၁၃ ) အသုံးပြုမည့်ပစ္စည်းများ၏ အမျိုးအစားများကိုဖော်ပြရန်

(၁၄)တင်ဒါတင်သွင်းသူသည် စည်းကမ်းချက် အမှတ်စဉ်(၄) ပါ Black List တွင် ပါဝင် ခြင်းမရှိကြောင်း ကုမ္ပဏီ၏ Managing Director (သို့) Director အဖွဲ့ဝင်တစ်ဦး၏ ကိုယ်တိုင် ကတိဝန်ခံချက်မူရင်း